## ခံယူထားသည့်တာဝန်

စင်ကာပူနိုင်ငံအလုပ်သမားအင်အားထု၏ပြီးပြည့်စုံမှုအတွက်၊ရွှေ့ပြောင်းအလုပ်သမားအင်အားထုရဲ့ကောင်းကျိုးချမ်းသာကိုလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်၍ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊

## အမြင်

ခိုင်မာစွာဖြင့်ဂရုစိုက်တာဝန်ယူပေးမည့်ကွန်မြူနတီအတွင်းတွင်တန်ဖိုးထားခံရသောရွှေ့ပြောင်းအလုပ်သမားအင်အားထု၊

## ကွန်မြူနတီလမ်းညွှန်ချက်များ

ကျွန်တော်တို့ရဲ့ (Assurance Care and Engagement) အုပ်စုရဲ့ တရားဝင်Facebook စာမျက်နှာကိုဝင်ရောက်ဖတ်ရှုတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ကွန်မြူနတီမှလူများအနေဖြင့်ဤစာမျက်နှာပေါ်တွင်အခြားအသုံးပြုသူများနှင့်တွေ့ထိဆက်ဆံသောအခါအနောက်အယှက်ကင်းစေချင်ပါတယ်၊ ဒါကြောင့်မို့အောက်တွင်ဖော်ပြထားသော Community လမ်းညွှန်ချက်တစ်စုံကိုလိုက်နာကျင့်သုံးစေချင်ပါတယ်၊လမ်းညွှန်ချက်များကဤစာမျက်နှာတွင်သင်တို့ဘာတွေတင်ပြနိုင်တယ်၊သို့မဟုတ်မည်သည်တို့သည်စည်းကမ်းနှင့်မညီပါက၊ စာမျက်နှာမှပယ်ထုတ်မယ်ဆိုတာပြသပေးပါမယ်၊

## ဤစာမျက်နှာတွင်အဓိပ္ပါယ်အပြည့်အဝရှိသည်တို့ကိုသာတင်ပြပါ၊

ဒီစာမျက်နှာတွင်အဓိပ္ပါယ်ပြည့်ဝပြီးပြုပြင်မှုသဘောတရားဆောင်သည့်ဆွေးနွေးချက်များကိုသာတင်ပြပေးပါ၊ သင်တို့ရဲ့ဝေဖန်သုံးသပ်ချက်များကိုများကိုကျွန်ုပ်တို့ကလက်ခံကြိုဆိုပါသော်လည်းသင်တို့ကလေးစားမှုကိုပြသရမည်ကိုကျွန်ုပ်တို့ကတိုက်တွန်းပါတယ်၊မသက်ဆိုင်သောဝေဖန်မှုမှတ်ချက်များ(ဥပမာspam ခွင့်ပြုထားခြင်းမရှိသည်များ)နှင့်/မသက်ဆိုင် မဆီလျော်သောဝေဖန်မှုများက ဆောင်ရွက်နေဆဲဆွေးနွေးမှုများကိုနှောက်ယှက်မှု/တားဆီးယုတ်လျော့စေမှုမဖြစ်စေရန်မတင်ပြပါနှင့်၊

## ကွန်မြူနတီမှပုဂ္ဂိုလ်များကိုလေးစားမှုထားပါ

သင့်အားကျွန်ုပ်တို့စာမျက်နှာတွင်အခြားပုဂ္ဂိုလ်များနှင့်ဆွေးနွေးခွင့်ရရန်ကျွန်ုပ်တို့ကကြိုဆိုလက်ခံပါသော်လည်း၊သင်သည်ပါဝင်နေသည့်အချိန်တွင်အခြားသူများကိုလေးစားသမှုရှိရမည်၊ အခြားသူများကိုထိခိုက်စေမည့်အောက်ပါတို့အပါအဝင်အကြောင်းအရာများကိုမတင်ပြပါနှင့်၊

- အသရေပျက်စေသော၊ ပုတ်ခတ်သော၊ ညစ်ညမ်းသော၊ကြမ်းကြုတ်သောပါဝင်မှုအကြောင်းအရာများ
- ကွန်မြူနတီ၏အခြားအဖွဲ့ဝင်များအပေါ် ရိုင်းစိုင်းသော၊ ရုက်ဖွယ်ကောင်းသောမှတ်ချက်များပါဝင်သည့်စောင်းပါးရိပ်ခြေသို့မဟုတ်တမင်တကာနာမည်တပ်ပေးခြင်း၊ ကိုယ်ရေးကိုယ်တာတိုက်ခိုက်ခြင်းများဖြင့်ဆွေးနွေးမှုကိုတမင်တကာပျက်ပြားစေခြင်း၊
- အခြားသူများ၏လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသားအရေး/နိုင်ငံရေးယုံကြည်မှုများတို့ကိုမုန်းတီးစွာဝေဖန်တိုက်ခိုက်မှုများပါဝင်သောသုံးသပ်မှုများ၊

ကျွန်ုပ်တို့စာမျက်နှာတွင်ဤသို့သောရင့်သီးရိုင်းစိုင်းစွာတင်ပြမှုများကိုသီးခံမည်မဟုတ်ပါ၊အခြားသူများကိုချိန်းခြောက်/အနှောက်အယှက်ပေးသူများကိုကျွန်ုပ်တို့အားအသိပေးပါကထိုသူတို့အားတိုင်တန်းမှုပြုရမည်ဖြစ်ပါသည်၊

## ဥပဒေကိုလေးစားလိုက်နာပါ

တရားဥပဒေဆိုသည်မှာ အသရေဖျက်မှုကိုသာမဆိုလို၊ စာအုပ်စာစောင်ကူးယူခြင်း၊ အသိဉာဏ်ဖြင့်ထုတ်လုပ်ထားသောပိုင်ဆိုင်မှု Intellectual Property ကိုထိပါးချိုးဖေါက်မှုတို့သည် ဆိုရှယ်မီဒီယာပေါ်တွင်အကျိုးသက်ရောက်စေသည်၊သင်တင်ထားသော post/ရေးထားသောဝေဖန်မှုတို့သည်အောက်ပါတို့မပါဝင်စေရပါ၊

- သင်နှင့်အခြားသူတို့၏ကိုယ်ရေးကိုယ်တာအကြောင်းအရာများ(မည်သူဆိုသည်ကိုဖေါ်ပြနိုင်သောအချက်အလက်များ၊ အီးမေးလိပ်စာများ၊ ဖုန်းနံပါတ်များ/နေရပ်လိပ်စာ)
- အခြားသူ၊ အဖွဲ့အစည်းတခု၊ အစိုးရအဖွဲ့အစည်းတခုခု၏မဟုတ်မမှန်သောအကြောင်းအရာများ၊
- မူပိုင်ခွင့်လုပ်ထားသော(ရေးထားသောစာမူ၊ အသံသွင်းထားသောအကြောင်းအရာ၊ ဗီဒီယိုနှင့်အခြားလျှပ်စစ်ဆိုင်ရာထုပ်လုပ်မှုများ)သို့မဟုတ်Intellectual property ပိုင်ဆိုင်မှုကိုထိပါးချိုးဖေါက်ခြင်းများ၊
- ပစ္စည်းတစုံတခု၊ စီးပွါးရေးလုပ်ငန်း၊ကုမ္ပဏီသို့မဟုတ်အဖွဲ့စည်းတခုခုအကြောင်းကြော်ငြာတင်ပြခြင်း၊

- ပစ္စည်းတစုံတခု၊ စီးပွါးရေးလုပ်ငန်း၊ကုမ္ပဏီသို့မဟုတ်အဖွဲ့ စည်းတခုခု၏ရောင်းအားကောင်းအောင်ကြော်ငြာပေးခြင်း၊
- မသက်ဆိုင်၊မဆီလျော်သောအကြောင်းအရာများ၊

လမ်းညွှန်ချက်များကိုမလိုက်နာပါကကျွန်ုပ်တို့ကသင်တို့ရဲ့သုံးသပ်မှု၊ တင်ပြမှုတို့ကိုဤစာမျက်နှာမှဖယ်ထုတ်ခြင်းသို့မဟုတ် တားဆီးပိတ်ဆို့ထားခြင်းပြုလုပ်ခွင့်ရှိပါသည်။